အမက(ဖ)မိုင်ကျေးရွာ

နမ့်စန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အမက(ဖ)မိုင်ကျေးရွာ၊ နမ့်စန်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ဖာငတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ နမ့်စန်မြို့နယ် ၇
ဖာငတ်ကျေးရွာရာသီခွင်ပြပြက္ခဒိန် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁
ကျေးရွာကော်မတီဝင်စာရင်း ၇၄
ကိုးကားစာရင်း ၇၅

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း


အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ၊ ၂၀၁၈


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖာငတ်(ဖ)မိုင်ကျေးရွာ

နမ့်စန်မြို့နယ်

အမက(၆)မိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ နမ့်စန်မြို့နယ်



အမက(၆)မိုင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာဖားကတ် (ရာ)မိုင်း ကျေးရွာအုပ်စု ရဲ ဘွတ် မြို့နယ် နမ်မတ်စက် နေ့စွဲ 11.12.2017

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	ဝါကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေးလုပ်ငန်း	ကောင်းမွန်ပါသည်	ဝါးခုတ်	မြေဆင်းစပါး ရိတ်	ဒုန်းစိုက်	စပါးရိတ်/ပဲပါင်းတင်	-	ဒုန်းသိမ်း	စပါးရိတ်	မြေဆင်းမှု သိမ်း	မြေဆင်းမှု ပြီးဆုံး	မြဲခြင်း	မြဲခြင်း
မွေးမြူရေးလုပ်ငန်း												
စိုက်/မွေး မဟုတ်သောလုပ်ငန်း											ထင်းဆွဲ	ထင်းဆွဲ
စားနပ်ရိက္ခာအခြေအနေ												
ဝင်ငွေ	○	○	○	○	○	○	○○ ○○	○○	○	○○○ ○○○	○	○
အသုံးစရိတ်	○○○	●	○○○	○○	○○○	○	○○○	○○	○○	○○	○	○
ရောဂါဘယဖြစ်ပွါးမှု(လူ)	တိမ်းကျော	သွေးတိုး	-	-	ယား၊ နာ	-	တုတ်ကွေး	တုတ်ကွေး	နှာစေး၊ ဖျားခြင်းကိုက်	နှာစေး၊ ဖျားခြင်းကိုက်	-	-
ရောဂါဘယဖြစ်ပွါးမှု(တိရစ္ဆာန်)			နွားနာ ကျဆာရာ	နွားနာ ကျဆာရာ								
ရေရရှိမှု												
သဘာဝဘေးအန္တရာယ်ဖြစ်ပွါးမှု												
ပွဲလမ်းသဘင်	သင်္ကြန်	ဆောင်ရွက်သူ - ပဲ	-	ဝါဝင်	-	-	ဓါတ်ထွက်	ကထိန်ပွဲ	ဘုန်းကြီးပွဲ	-	ဈေးပွဲ	တရားပွဲ ဘုန်းကြီးပွဲ
ရွှေ့ပြောင်းသွားလာမှု												
သီးနှံရောဂါပိုးမွှား ကျရောက်မှု	-	-	-	-	-	စပါး၊ မျက်ပြိုး	-	-	-	-	-	-

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် နမ့်စန်မြို့မှ (၅၅)မိုင်အကွာတွင် တည်ရှိပြီး အရှေ့ဘက်တွင် ဖာငတ်(ဖ)မိုင်ရှာ၊ အနောက်ဘက်တွင်နောင်ခမ်းရွာ၊ တောင်ဘက်တွင်နမ့်ခမ်းရွာ၊ မြောက်ဘက်တွင်နားပွဲရွာတို့ တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၅၀နှင့် အထက် ရရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် အထောက်အကူပြုသည်။ ကျေးရွာ၏ အနောက်ဘက်ပိုင်းတွင် တောင်များတည်ရှိကာ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ ကျေးရွာ၏အဓိကလုပ်ငန်းမှာ မိုးရာသီတွင် လယ်စပါး၊ တောင်ယာစပါး၊ပြောင်း၊ပဲပုတ်တို့ကို အဓိကအားထားစိုက်ပျိုးပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်မြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ရေသောက်ဧက (၄၀)ခန့်ရှိပြီး စပါးနှင့်ပဲပုတ်များကိုစိုက်ပျိုးကြသည်။ ယာမြေများတွင် ပြောင်း၊အာလူးနှင့် နှမ်းတို့ကို အဓိက စိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတ မထွက်ရှိပါ။ အနီးရှိ တောတောင်မှ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးလာပြီ ဖြစ်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၂၆)စုနှင့် ကျား(၃၆၂)၊ မ(၃၈၃)ဦးဖြင့် လူဦးရေပေါင်း(၇၄၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် ပိုများသည်။ ကျေးရွာတွင်ပလောင်တိုင်းရင်းသား အများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၅၄.၄၉%ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၈၅.၇%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၉.၅%သည် ချမ်းသာသည့်အဆင့်၊ ၄.၇၆%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုနှင့် ချောင်းရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။

ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြား လယ်သမား အိမ်ထောင်စုအချို့မှာလည်း နေ့စားလိုက်ခြင်း၊ လက်သမားနှင့် ပန်းရံ အသေးစား အိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာ တွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၁၃.၅%)ထိရှိကာ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာတွင်းနှင့် အနီးရှိ ကျေးရွာများသို့ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်းခြင်း လုပ်ငန်းများတွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၆)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၄၇.၂%သည် ဝမ်းစာဖူလုံမှု ၃လအောက်ဖြစ်ပြီး ၅၂.၇% ဝမ်းစာဖူလုံမှု ၃လနှင့်ဖြလကြား လအထိ ရှိကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တင်ရှိနေကြသည်။ ချေးငွေအများစုကို ကျေးရွာရှိ ငွေတိုးချေးသူများထံမှ အများဆုံး ချေးယူကြပြီး စိုက်ပျိုးရေးလုပ်အားခ ကြိုယူခြင်းများလည်း ရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော ထိခိုက်လွယ်သောပုဂ္ဂိုလ်အနေဖြင့် မိသားစု စောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၁)ဦးရှိပါသည်။ မိသားစု စောင့်ရှောက်မှု မရှိသည့်မသန်စွမ်းသည့်ပုဂ္ဂိုလ်(၁)ဦးရှိပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တော ပြုန်းတီးမှု ကို အသင့်အတင့်အနေအထားတွေ့ရပြီး၊ မီးဘေး၊ ဌက်ဖျားရောဂါ ဖြစ်ပွားမှု၊ တီဘီရောဂါ ဖြစ်ပွားမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကို နိမ့်သည့် အနေအထားများ တွေ့ရသည်။ ကျန်ထိခိုက်သက်ရောက်မှု အမျိုးအစားများ မရှိပါ။ ထိခိုက် သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း ထိခိုက် သက်ရောက်မှု အသင့်အတင့်နှင့်နိမ့်အဆင့်များကို အများဆုံး တွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို တစ်နှစ်လျှင် တစ်ကြိမ် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး

စောင့်ရှောက်မှုများကို ကျေးရွာတွင်းရှိကျေးလက်ကျန်းမာရေး ဌာနခွဲ၊(၂၀)မိုင်ခန့် ကွာဝေးသော ခိုလမ်မြို့နှင့်(၅၅)မိုင်ခန့်ကွာဝေးသောနမ့်စန်မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်သည်။

ကျေးရွာတွင် မိုးရေလှောင်ကန်နှင့်စိမ့်စမ်းရေတို့မှအလွယ်တကူ လုံလောက်စွာ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရပါသည်။ စာမတတ်သူဦးရေသည် ကျေးရွာရှိ ၅နှစ်အထက် လူဦးရေ၏ ၈၃.၇%ရှိပါသည်။ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာထဲရှိမူလတန်းကျောင်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် နမ့်စန့်မြို့တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်မွန်ပါသည်။ မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ဖာငတ်(၈)မိုင်ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အမျိုးသမီးလူငယ်အဖွဲ့နှင့် အမျိုးသားလူငယ်အဖွဲ့(၂)ဖွဲ့ရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေးနာရေးကိစ္စများကို ဆောင်ရွက်ကြသည်။ ကျေးရွာသည် အဖွဲ့အစည်းများဖွဲ့စည်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေးလုပ်ငန်းများကို အတူတကွ လှုပ်ရှားဆောင်ရွက်သည့် အလေ့အထ နည်းပါးသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပြောင်း၊ ပဲပုတ်တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ၂၀၁၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက (၅၀)ဧကခန့်ရှိခဲ့ပြီး စပါးတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၁၁)တင်း၊ အစေ့ထုတ် ပြောင်း တစ်ဧကအထွက်မှာ (၂၅၀)ပိသာနှင့် ပဲပုတ်တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၈)ခွဲ ထွက်ရှိကြသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုများ လက်လှမ်းမမီဘဲ တောင်သူအများစုသည် စိုက်ပျိုးလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အသုံးပြုကြသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် (၃၉)စီးရှိပြီး အပိုင် မရှိသည့်တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် လယ်ထွန်စက် တစ်နာရီ ကာလပေါက်ဈေး ၃၀၀၀၀/-ကျပ်ဖြင့် လည်းကောင်း၊ လက်တွန်းထွန်စက် တစ်နာရီ ကာလပေါက်ဈေး ၅၀၀၀၀/-ကျပ် ဖြင့်လည်းကောင်း ငှားရမ်းအသုံးပြုကြသည်။ ထို့ကြောင့် လယ်ယာလုပ်ကိုင်သူ တောင်သူများက ငှါးရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးနှင့် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျဝယ်ယူနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ပြောင်းနှင့် စပါးကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်သူများသည် တစ်နေ့ ၅၀၀၀/- ၂၅၀၀/- ကျပ် ရရှိသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၉၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ဖာငတ်(၈)မိုင်ကျေးရွာတွင် မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားမွေးမြူသည့်အိမ်ထောင်စု(၂၇)စု၊(၂၆၅)ကောင်၊ ကျွဲမွေးမြူသည့်အိမ်ထောင်စု(၄၈)စု၊ (၂၀၀)ကောင်မွေးမြူကြပါသည်။စီးပွားဖြစ်မွေးမြူရန်အတွက် ဝက်မွေးမြူသည့် အိမ်ထောင်စု(၇၃)စု၊ အကောင်ရေ(၁၄၂)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု(၉၉)စု၊ အကောင်ရေ(၄၂၄)ကောင်နှင့် ဘဲမွေးမြူသည့် အိမ်ထောင်စု(၆)စု၊အကောင်ရေ(၁၈)ကောင်မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လယ်ယာလုပ်ငန်းခွင်တွင် နေ့စားအလုပ်လုပ်ကိုင်ခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့်

ဈေးရောင်းလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၅၄.၄၉% ရှိပြီး ကျေးရွာအတွက် လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသား အများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်း နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပြောင်းနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးသုံးစွဲမှု များပြားလာခြင်း၊ ဓါတုမြေဩဇာသုံးစွဲမ များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း ရေကြီးရေလွှမ်းခြင်းနှင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဖာငတ်(၈)မိုင် ကျေးရွာသည် ကျေးရွာရှိ ပုဂ္ဂလိက ငွေတိုးချေးသူများထံမှအပ အခြားမည့်သည့် ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာနှင့် ဝင်ငွေရလုပ်ငန်း ဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုကြသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်း မရှိသဖြင့် မြို့နယ်သမဝါယမဦးစီးဌာနမှလည်း ချေးငွေမရရှိပါ။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏ ၈၅.၇%ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည် ကာလတို၊ ကာလလတ်နှင့် ကာလရှည်ချေးငွေ လိုအပ်ချက် ရှိကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ကျေးရွာရှိ မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး (၈၀၀)စတုရန်းပေရှိစာသင်ကျောင်းဆောင်တို့တွင်ပညာသင်ကြားနိုင်သည်။

ရွာသားအားလုံး၏ ၇၀.၄၆%သည် စာမတတ်သူများဖြစ်ကြပြီး ၂.၂၉%ခန့်မှာ မူလတန်း အဆင့်ရှိကြသည်။ ဆရာ၊ဆရာမ နေထိုင်ရန် အိမ်ရာသီးသန့် မရှိသဖြင့် ဆရာဆရာမများအတွက် နေရာလုံလောက်မှုပိုမိုရရှိရန် အိမ်ရာတစ်ခု ဆောက်လုပ်ရန် လိုလားနေကြသည်။ ကျောင်းတွင် မူလတန်းပြဆရာ/မ ၄ဦးနှင့်ကျေးရွာခန့်ဆရာ/ဆရာမ ၂ဦးရှိပါသည်။ ကျောင်းဆရာ/မ အင်အား လည်း လုံလောက်မှုမရှိပါ။ ထို့ကြောင့် မြို့နယ်အခြေခံပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လိုအပ် ချက်များ တင်ပြတောင်းဆိုရန် ဆန္ဒရှိကြသည်။

ကျေးရွာတွင် မိုးရေလှောင်ကန်နှင့်စိမ့်စမ်းရေတို့မှရေကို အလွယ်တကူ လုံလောက်စွာ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာတွင်းရှိ ကျေးလက် ကျန်းမာရေးဌာနခွဲ၊(၂၀)မိုင်ကွာဝေးသောခိုလမ်မြို့နှင့်(၅၅)မိုင်ခန့်ကွာဝေးသောနမ့်စန်မြို့နယ်တို့တွင် ရရှိနိုင်သည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိသော်လည်း ဘောလုံးကွင်းနှင့် ဘော်လီဘောကွင်းများရှိသည်။ လူငယ်များသည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ သို့ရာတွင် ယခုနှစ်များတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာသဖြင့် မူယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်များအတွက် ပညာပေးဟောပြောပွဲများ ကျင်းပပေးရန် လိုအပ်လျက် ရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကားနှင့်ထော်လာကျီများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော် ဆိုင်ကယ် ၈၅ စီး၊ ထော်လာကျီ ၃၈ စီး၊ကား ၆စီးနှင့် နွားလှည်း ၅စီး တို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသဖြင့် လျှပ်စစ်မီးမရရှိသေးဘဲ ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှု လက်ကိုင်ဖုန်း အသုံးပြုကြပြီး ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးပါ။ ရွာသားများသည် သတင်းစာ၊ ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ မကောင်းမွန်သေးကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် နမ့်စန်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက် နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဖာငတ်(၈)မိုင်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး နမ့်စန်မြို့နှင့် (၅၅)မိုင်အကွာတွင် တည်ရှိပါသည်။

ဖာငတ်(၈)မိုင်ကျေးရွာနှင့်အနီးဆုံးဈေးမှာ ခိုလမ်ဈေးဖြစ်ပြီး အခြားလိုအပ်သော ပစ္စည်းများအတွက် နမ့်စန်မြို့မဈေးသို့အလွယ် တကူသွားရောက်ဝယ်ယူ ရရှိနိုင်ပေသည်။

လူဦးရေအားလုံး၏ ၅၄.၄၉%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသား အရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှု များသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသော ဆေးဝါးကုသလိုမှုအတွက်လည်း နမ့်စနမ်မြို့နယ်ဆေးရုံနှင့် လွှိုင်လင်ခရိုင်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ စပါး၊ ပြောင်းနှင့်ပဲပုတ်တို့ကို အဓိကစိုက်ပျိုးကြပီးစိုက်ပျိုးမြေ အနည်းငယ် တိုးချဲ့နိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်

အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ဖာငတ်(၈)မိုင်ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်းပြီး စိုက်ပျိုးရေး လုံလောက်စွာ ရရှိနိုင်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။

ဖာငတ်(၈)မိုင်ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း၊ နမ့်စန်မြို့ပေါ်သို့လည်းကောင်း သွားလာရန် အနည်းငယ်ခက်ခဲသည်။

ကျေးရွာတွင် ဓာတ်မြေဩဇာနှင့် ဓာတ်တုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှုများပြားလာသဖြင့် သဘာဝမြေဩဇာအသုံးပြုမှုနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး နည်းပညာနှင့်အထောက်အပံ့များ ရရှိသုံးစွဲနိုင်ရန် လိုအပ်သည်။

ကျေးရွာတွင် ချေးငွေအတွက် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ စိုက်ပျိုးစရိတ်ချေးငွေနှင့် သမဝါယမချေးငွေများ မရရှိပါ။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းမှုအားနည်းပြီး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိုင်းနှိုင်းဆောင်ရွက်မှု လွန်စွာအားနည်းသည်။

ကျေးရွာတွင်မူလွန်ကျောင်းသာရှိပြီး ကိုယ်ထူကိုယ်ထ စာသင်ကျောင်းဆောင်များဖြစ်ပြီး ပြတင်ပေါက်များ တပ်ဆင်ထားနိုင်ခြင်း မရှိသည့်အပြင် ပရိဘောဂများလည်း လုံလောက်မှု မရှိသေးပါ။ လူငယ်များသည် ဆယ်ကျော်သက်အရွယ်မှစ၍ အလုပ်လုပ်ကြရသောကြောင့် ပညာတတ်မြောက်မှု နည်းပါးသည်။ ထို့ကြောင့် ကျောင်းပညာတစ်ဝက်တစ်ပျက်လူငယ်များနှင့် အလုပ်လက်မဲ့များအတွက် ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာသည် အလယ်တန်းနှင့်အထက်တန်းပညာရေး များအတွက် (၂၀)မိုင်ကွာဝေးသောခိုလမ်မြို့နှင့်(၅၅)မိုင်ခန့်ကွာဝေးသော နမ့်စန်မြို့တွင် သွားရောက်သင်ယူကြသည်။ ဆရာ၊ဆရာမများ နေထိုင်ရန် အတွက် စာသင်ကျောင်းဝန်းအတွင် အိမ်ရာဆောက်လုပ်ရန် လိုအပ်လျက် ရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းအသုံးပြုမှု ရှိသော်လည်း ဆက်သွယ်ရေးတာဝါတိုင်နှင့် ဝေးကွာသဖြင့် လိုင်းစွဲအား မကောင်းဘဲ အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အကန့်အသတ်ဖြင့်သာ ရှိသည်။ ထို့ပြင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်ယူ အသုံးပြုနိုင်ခြင်း မရှိသဖြင့် အိမ်တွင်မူထုတ်ကုန်လုပ်ငန်းများ အားနည်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါသည်.

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေနည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ၊ တံတားများ ပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်းဖြင့် ကျေးရွာလူထု၏ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထား တိုးတက်မှု ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း၍ မူးယစ်အန္တရာယ် ပူပေါင်းနှိမ်နင်းခြင်းဖြင့် ကျေးရွာရှိလူငယ်များ မူးယစ်ဆေးသုံးစွဲမှု ပပျောက်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရမည်။ ကျေးရွာရှိလူငယ်များအား ဒေသနှင့်သင့်လျော်သော သက်မွေးသင်တန်းများ တက်ရောက်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ

အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ခွဲဝေချထားပေးမည်။ ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

ခ.၂) မိဘများ ပညာရေးကို ပိုမိုစိတ်ပါဝင်စားလာစေရန် မိဘဆရာအသင်း အစည်းအဝေးများ ကျင်းပခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ရန်ပုံငွေများရှာဖွေခြင်း၊ ဆရာ၊ဆရာမအိမ်ရာ၊ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းပရိဘောဂ စံချိန်မီ ကျောင်းဆောင်ပြည့်စုံစွာ ရရှိရန် မြို့နယ်ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည် ဖြစ်သည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၃) ကျေးရွာရှိလူငယ်များအတွက် မူးယစ်ဆေးဝါး ရောင်းသူ၊ဝယ်သူ အသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် လက်တွဲပူပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲသူများကို ကျန်းမာရေးဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့် ချတ်ဆက်ပြီး မူးယစ်ဆေးဖြတ်ရန် ဆောင်ရွက်သွားမည်။ တို့ပြင် လူငယ်များကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်

အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရ လွန်စွာခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ ကျေးရွာမှ ကိုယ်ထူကိုယ်ထ လမ်းအဆင့်မြှင့် ပြုပြင်ရန်မှာလည်း ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

(ဂ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းနှင့် ဆရာ၊ဆရာမ အိမ်ရာ ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့် ပြုတင်းပေါက်များ မတပ်ဆင်နိုင်သေးဘဲ အရည်အသွေးပိုင်းတွင် အားနည်းမှုရှိပြီး ပရိဘောဂလည်း လုံလောက်မှု မရှိသေးပါ။ ထို့ပြင် ဆရာ၊ဆရာမများနေထိုင်ရန် အိမ်ရာမရှိသဖြင့် ကျေးရွာရှိ ဆရာ၊ဆရာမများ နေထိုင်ရေးမှာ ခက်ခဲလျက်ရှိပါသည်။ ထို့ပြင် စံချိန်မီသောစာသင်ကျောင်း ဆောင်ဖြစ်မြောက်ရေး၊ ဆရာ၊ဆရာမအင်အား လုံလောက်စွာဦ ခန့်ထားရေးနှင့် ဆရာ၊ဆရာမအိမ်ရာတစ်ခု ဆောက်လုပ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော မြို့နယ် အခြေခံဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ဖာငတ်(၈)မိုင်ကျေးရွာတွင် ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြသော လူငယ်များနှင့် ပညာမတတ်သော လူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ အချို့မှာ မူးယစ်ဆေးသုံးစွဲခြင်းဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ်လုပ်ကိုင်စား သောက်နေကြရသည်။ ထိုကဲ့သို့သောသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

(ဌ) စိုက်ပျိုးရေး နည်းပညာနှင့်ဝန်ဆောင်မှုများ လယ်ယာသုံးကိရိယာများ စနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

ဖာငတ်(၈)မိုင်ကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ ချောင်းများမှလည်း တစ်နှစ်ပတ်လုံးနီးပါ စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့် ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း မိရိုးဖလာနည်းကိုသာ အသုံးပြုကြသဖြင့် အချို့သီးနှံများသည် အထွက်နှုန်းနည်းပါးလျက် ရှိသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိရန်လည်း လိုအပ်လျက်ရှိသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်

ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစား ပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ရေပေးရေး					
	၁။ စိမ့်စမ့်ရေသွယ်ယူခြင်း လုပ်ငန်း	၇၇	၁	- စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	ကျေးလက် ဦးစီ
	၂။ မွေးမြူရေးနည်းပညာ ကောင်းများရရှိလိုခြင်း	၇၀	၂	- မွေးမြူရေးနည်းပညာများရရှိလိုခြင်း	တိ/ကုဦးစီး
ပညာရေး					
	၃။ စာသင်ကျောင်းအုတ်တံတိုင်း ကာရံလိုခြင်း	၆၀	၃	- စာသင်ကျောင်းအုတ်တံတိုင်း - ကာရံလိုခြင်း	ပညာရေးဦးစီး
ငွေကြေး					
	၄။ ချေးငွေရရှိနိုင်စွမ်းမြှင့်တင် ပေးခြင်း	၅၇	၄	- ချေးငွေများရရှိလိုခြင်း	ကျေးလက် ဦးစီး
စိုက်ပျိုးရေး					
	၅။ စိုက်ပျိုးရေးနည်းပညာ ကောင်းများရရှိလိုခြင်း	၅၁	၅	- စိုက်ပျိုးရေးနည်းပညာ - ကောင်းများရရှိလိုခြင်း	စိုက်ပျိုးရေး ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	၁	√				
၂။ မွေးမြူရေးနည်းလမ်းကောင်းများ ရရှိလိုခြင်း	၂		√			
၃။ စာသင်ကျောင်းအုတ်တံတိုင်း ကာရံလိုခြင်း	၃			√		
၄။ ချေးငွေရရှိလိုခြင်း	၄	√	√	√	√	√
၅။စိုက်ပျိုးရေးနည်းလမ်းကောင်းများ ရရှိလိုခြင်း	၅	√	√	√	√	√

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံး ငွေရင်းအ သုံးစရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	၁၀၀		√		
၂	မွေးမြူရေးနည်းလမ်းကောင်းများ ရရှိလိုခြင်း	-		√		
၃	စာသင်ကျောင်းအုတ်တံတိုင်းကာရံ လိုခြင်း	-		√		
၄	ချေးငွေရရှိလိုခြင်း	-		√		
၅	စိုက်ပျိုးရေးနည်းလမ်းကောင်းများ ရရှိလိုခြင်း	-		√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း

ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၁၄	၁၇	၃၁	၄.၁၆%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၄၆	၄၁	၈၇	၁၁.၇%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၅၀	၄၈	၉၈	၁၃.၂%
၉ နှစ်အထက်မှ ၁၄နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၂	၄၆	၈၈	၁၁.၈%
၁၄ နှစ်အထက်မှ ၆၀နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၄	၂၁၂	၄၀၆	၅၄.၅%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၉	၃၅	၄.၇%
စုစုပေါင်း လူဦးရေ		**၃၆၂**	**၃၈၃**	**၇၄၅**	**၁၀၀.၀၀%**
စုစုပေါင်း အိမ်ထောင်စု - ၁၂၆		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၉**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၅.၉ဦးရှိပြီး မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်ရှိပျမ်းမျှလူဦးရေစံနှုန်း ၅ ဦးထက် ပိုများနေပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၅၄.၅%ခန့် ရှိသည်။ ပလောင်လူမျိုးအများဆုံး နေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၇	၃၄၀		မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၉	၃၆	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐v
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐v
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐v
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐v
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၆	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐v
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၁၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐v
	စုစုပေါင်း	၁၂၆	၃၇၆	၂၈	☒

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဖာငတ်(၈)မိုင်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြောင်းပြုကြသည်။ အခြားဝင်ငွေရအလုပ်အကိုင် လုပ်ကိုင်သူ နည်းပါးသည်။ ကိုယ်ပိုင်လယ်ယာလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု ၁၀၀% ရှိသည်။

(ခ.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၂၀၀၀	၂၀၀၀	၂၀၀၀	၂၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။

(ဂ) သဘာဝ ရင်းမြစ်များ

(ဂ.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐v	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၂၆	ကောင်း ☐	သင့်☐v	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐v	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၂၉၈	ကောင်း ☐	သင့်☐v	ညံ့ ☐
စုစုပေါင်း	၇၂၄	☒		

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ဖာငတ်(၈)မိုင်ကျေးရွာရှိ လယ်ယာမြေများသည် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ကြသည်။

(၈.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐v	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐v နည်း ☐ မရှိ ☐	လွယ်☐ ခက်☐v အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ ☐ သင့်☐v နည်း ☐ မရှိ ☐	လွယ်☐ ခက်☐v အသုံးမပြုနိုင်ပါ ☐
(နွားစာ၊ဆေးဘက်ဝင်အပင်များ)		
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်သည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂ဝ ဧကနှင့် ၄ဝ ဧက ကြား	၁ဝ ဧကနှင့် ၂ဝ ဧက ကြား	၁ ဧကနှင့် ၅ ဧက ကြား	မရှိ (သို့) ဝ.၅ ဧက
အိမ်အခြေအနေ	တိုက်ခံ၊သွပ်မိုး တစ်ထပ်၊ နှစ်ထပ်တိုက်၊ ပျဉ်ကာ ပျဉ်ခင်း	သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးခင်း၊ ဝါးကာ (တစ်ထပ်၊နှစ်ထပ်)	သက်ကယ်မိုး၊ ဝါးကာ	သက်ကယ်မိုး၊ ဝါးကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ လက်တွန်းထွန်စက်၊ ပြောင်းခြွေစက်၊ ထော်လာ ဂျီ၊ ရေစုပ်စက်	လက်တွန်းထွန်စက် ထော်လာဂျီ၊ ရေစုပ်စက်	မရှိ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊ ဈေးဆိုင်၊ ကုန်ကား	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ကျောမ်း	စိုက်ပျိုးရေး၊ ကျောမ်း
အိမ်ထောင်စု - ၁၂၆	၁၂(၉.၅%)	၆ (၄.၇%)	၃၄ (၂၆.၉%)	၇၄(၅၈.၇ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ ၁၄.၂%ကို အဆင်ပြေသည့် အိမ်ထောင်စုများဟု သတ်မှတ်ကြပြီး ကျန်၈၅.၈%ခန့်ကို ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအဖြစ် သတ်မှတ်ကြပါသည်။ ကောင်းဟုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၁၃.၅ရာခိုင်နှုန်းခန့် ရှိသည်။ မြေယာမဲ့အချို့သည် မြေရှင်များထံမှ စိုက်ပျိုးမြေငှါရမ်းလုပ်ကိုင်ကြပြီး အချို့သည် နေ့စားအလုပ် လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၇	အခြားအစားပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၁၇

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၉	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၁၉ လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ် .. ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% အဖြစ် အိမ်ထောင်စု ၃၆ စုကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃လအောက်တွင်၄၇.၂%နှင့်၃လနှင့် ၆ လကြားတွင် ၅၂.၇% ရှိကြပြီး ချေးယူခြင်းများဖြင့် ဖြေရှင်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် ဆန်ရေစပါးပေါများသဖြင့် အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံးနိုင်ကြသည်။

(၄.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၁		၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၁)ဦးရှိပြီး မိသားစုစောင့်ရှောက်မှုမရှိသော မသန်းစွမ်း သည့် ပုဂ္ဂိုလ်(၁)ဦးရှိပါသည်။

(၄.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □	နိမ့်□√	မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □	လတ် □√	နိမ့်□	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် □	နိမ့်□√	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□√	မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□√	မရှိ □
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□	မရှိ□√
၇	ငလျင်	မြင့် □	လတ် □	နိမ့်□	မရှိ□√
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□√	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်□	မရှိ□√
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□	မရှိ□√
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □√	နိမ့်□	မရှိ□
၁၂	၄က်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်□√	မရှိ□
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်□√	မရှိ□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□	မရှိ□√
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ□√
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □	နိမ့်□√	မရှိ□
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ□√
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □	လတ် □	နိမ့်□√	မရှိ□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် စိုက်ပျိုးမြေရှားပါမှုနှင့် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများတွင်သာ တွေ့ရသည်။ မုန်တိုင်း၊ ငလျင်၊ ဆားငန်ရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်းပဋိပက္ခနှင့် လူကုန်ကူမှုများကို မတွေ့ရပါ။

(၈.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် □	လတ် □√	နိမ့်□	မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □	လတ် □	နိမ့်□√	မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □	လတ် □√	နိမ့်□	မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □	လတ် □	နိမ့်□√	မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □√

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐v
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐v နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐v
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐v နိမ့်☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐v
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐v နိမ့်☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐v နိမ့်☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐v မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင် လူငယ်လူရွယ်များသည် အရက်သေစာသောက်စားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများရှိသဖြင့် ထိခိုက်သက်ရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသား လူငယ်အဖွဲ့	၁☐ ၂☐ ၃☐v	၃၀		၃၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐v စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐v လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐v ညံ့ ☐
၂	အမျိုးသမီး လူငယ်အဖွဲ့	၁☐ ၂☐ ၃☐		၃၅	၃၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃	-	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄	-	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅	-	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆	-	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇	-	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။

(က.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊

လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မည့်သည့် နိုင်ငံတကာအဖွဲ့အစည်းမှ လာရောက် အကူအညီပေးခြင်းများ မရှိသေးပါ။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ.၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၂၆**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးမြေဧရိယာအသင့်အတင့်ရှိပြီး မြေယာမဲ့အိမ်ထောင်စု များကလည်း စိုက်ပျိုးရေးလုပ်ငန်းများအပေါ်မှီခိုကာ အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□v ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□v မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း	၁၆၄	ပိဿာ	၁၈၀၀	၁၅၀၀	၁၂၅၀	ဇွန်	နိုဝင်ဘာ	မြင့်□ လတ်□ v နိမ့်□	မြင့်□ လတ်□v နိမ့်□
စပါး	၁၅၀	တင်း	၁၀	၁၃	၁၁	သြဂုတ်	နိုဝင်ဘာ	မြင့်□ လတ်□v နိမ့်□	မြင့်□ လတ်□v နိမ့်□
နှမ်း	၇၀	ခွဲ	၂၀	၂၅	၂၃	ဇူလိုင်	အောက်တိုဘာ	မြင့်□ လတ်□v နိမ့်□	မြင့်□ လတ်□ နိမ့်□v
ပဲပုတ်	၅၀	ခွဲ	၅	၁၀	၈	သြဂုတ်	နိုဝင်ဘာ	မြင့်□ လတ်□ နိမ့်□v	မြင့်□ လတ်□v နိမ့်□
								မြင့်□ လတ်□v နိမ့်□	မြင့်□ လတ်□ နိမ့်□v
-								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
-								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	-	-	-	
လက်တွန်းထွန်စက်	၃၉	-	-	
အစေ့ချ ကိရိယာ	-	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	
ရိတ်သိမ်းစက်	-	-	-	
ခြွေလှေ့စက်		-	-	
ရေစုပ်စက်		-	-	
ခြေနင်းရေတင်စက်		-	-	
မြက်ရိတ်စက်		-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသား တောင်သူများပြားသဖြင့် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှု နည်းပါးသည်။ တောင်သူများသည် ထွန်စက်တစ်စီးကို တစ်နာရီ ကာလပေါက်ဈေး ၃၀,၀၀၀/-ကျပ်ဖြင့် လည်းကောင်း လက်တွန်းထွန်စက်တစ်စီးကို တစ်နာရီ ၅,၀၀၀/-ကျပ်ဖြင့်လည်းကောင်း ငှါးရမ်းအသုံးပြုရသည်။ ထို့ကြောင့် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျ ရောင်းချပေးသော (သို့) ဈေးနှုန်းချိုသာစွာ ငှါးရမ်းသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရေးအတွက် လိုလားနေကြသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐√ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐√ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐√ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐√ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐√ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐v မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐v မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐v မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☐v
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐v မဖြေဆိုပါ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းများရှိသော်လည်း စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုသဖြင့် သီးနှံအထွက်နှုန်းများ ထွက်သင့်သလောက် မထွက်ပေ။ ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိရန် လိုအပ်လျက်ရှိသည်။ စိုက်ပျိုးမြေ အနည်းငယ် ထပ်မံတိုးချဲ့နိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐v
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐v
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐v
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐v လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐v လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်	အလွယ်တကူမရနိုင် ☐v လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
အခြား အော်ဂဲနစ် သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐v လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐v လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐v မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐v သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐v အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် ကြီးမားသောအခက်အခဲမရှိပါ။ ထွန်စက်ငှါးရမ်းစရိတ်စျေးနှုန်းမြင့်တက်နေမှုနှင့် သီးနှံဖျက်ပိုးကျရောက်တတ်မှုတို့သာ အဟန့်အတားဖြစ်စေနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများကို မြို့ပေါ်သို့ အချိန်မီ ပို့ဆောင် ရောင်းချနိုင်ရေး နှောင့်နှေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်ချေးငွေ မရရှိပါ။

(ခ.၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၇	၂၆၅
နို့စားနွား		
ကျွဲ	၄၈	၂၀၀
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဝက်	၇၃	၁၄၂
ကြက်	၉၉	၄၂၄
ဘဲ	၆	၁၈
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ☐v
